ISP ကပြင်ရပ်ဝန်း

ISP EXPLAINER

China Studies

အမှတ်-၈၊ အောက်တိုဘာ ၂၀ ရက်၊ ၂၀၂၃ ခုနှစ်

# ဘောဂျင်းအစိုးရ ကိုင်တွယ်နေသော လူဖမ်းပွဲ
## စစ်ကောင်စီ ဥက္ကဋ္ဌကို မဖိတ်ခဲ့သည့် BRI ၁၀ နှစ်ပြည့်




အောက်တိုဘာ ၇ ရက်တွင် လောက်ကိုင်၌ ကိုးကန့်အာဏာပိုင်က ဖမ်းဆီးခဲ့သော တရုတ်နိုင်ငံသား ၃၃၇ ဦးကို လင်ချန်းခရိုင် ပြည်သူ့လုံခြုံရေးဌာနထံသို့ လွှဲပြောင်းပေးအပ်စဉ်။ (Photo: China Daily)

ISP-Myanmar က စုစည်းထားတဲ့ မြန်မာ-တရုတ် ရက်စွဲမှတ်တမ်းကို အခြေခံပြီး အခုကာလအတွင်း အာရုံစိုက်စရာဖြစ်ရပ်တွေကို ဖော်ပြပါမယ်။ စစ်ကောင်စီရဲ့နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုနှိမ်နင်းရေးကို အားမရတဲ့ **ဘောဂျင်းအစိုးရက ကိုးကန့်နဲ့ 'ဝ'ဒေသတွင်း သူအလိုရှိနေတဲ့ မျက်နှာဖုံးတချို့ကို ကိုယ်တိုင် ဖမ်းဆီးမှုလုပ်လာပါတယ်။** တချိန်တည်းမှာပဲ တရုတ်နိုင်ငံမှာ ဝှဲချီးကျင်းပနေတဲ့ **ရပ်ဝန်းလမ်းကြောင်းအစီအမံ (BRI) ၁၀ နှစ်ပြည့်အခမ်းအနားနဲ့ တတိယအကြိမ်ဖိုရမ်တက်ဖို့ စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို မဖိတ်ခဲ့ပါဘူး။** စစ်ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်ခဲ့ပါတယ်။ ကြန့်ကြာနေတဲ့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောက်က ဦးစားပေးစီမံကိန်းတချို့ပြန်စဖို့အတွက် စစ်ကောင်စီနဲ့ တရုတ်အစိုးရအကြား ဆွေးနွေးနေတာတွေလည်း ရှိပါတယ်။ သန်းခေါင်စာရင်းကောက်ရာမှာ ဇီဝနည်းပညာပိုင်းဆိုင်ရာ ဝင်ကူပေးဖို့နဲ့ နျူကလီးယား နည်းပညာတွေ မျှဝေပေးဖို့လည်း တရုတ်အစိုးရကို စစ်ကောင်စီက တောင်းဆိုခဲ့ပါတယ်။ ဒါတွေအပြင် အခြားအာရုံစိုက်စရာ ကိစ္စတွေကိုလည်း ဖတ်ကြရပါမယ်။

# အကြောင်းအရာ ၅၇ ခု အနှစ်ချုပ်

ISP-Myanmar က စုစည်းလေ့လာခဲ့တဲ့ မြန်မာ-တရုတ် ဆက်ဆံရေး ရက်စွဲမှတ်တမ်းတွေကို ပိုင်းခြားတဲ့အခါ ၂၀၂၃ ခုနှစ် စက်တင်ဘာလအတွင်းမှာ အကြောင်းအရာ ၅၇ ခုရှိတာကို တွေ့ရပါတယ် (**ဇယားကို ရှုပါ**)။ ဒီအကြောင်းအရာတွေထဲမှာ နိုင်ငံရေးဘောဂဗေဒ၊ ပထဝီနိုင်ငံရေး၊ သံတမန်ရေးနဲ့ နိုင်ငံဖြတ်ကျော်မှုခင်းကိစ္စရပ်တွေ လွှမ်းမိုးခဲ့ပါတယ်။ ဒါတွေအပြင် အောက်တိုဘာလအတွင်း ဖြစ်ခဲ့တဲ့အထင်ကရဖြစ်ရပ်အချို့ကိုပါ ချိတ်ဆက်ပြီး အာရုံစိုက်စရာ ဖြစ်ရပ်ငါးခုကို လိုတိုရှင်း ဖော်ပြပါမယ်။

■ မြန်မာ-တရုတ်ဆက်ဆံရေးတွင် လွှမ်းမိုးခဲ့သည့်အကြောင်းအရာများ ဆန်းစစ်ချက်
(၂၀၂၃ ခုနှစ် စက်တင်ဘာလ)

| စဉ် | အကြောင်းအရာ | ဖြစ်ရပ်အရေအတွက် |
|---|---|---|
| ၁ | ပထဝီနိုင်ငံရေး | ၁၁ ခု |
| ၂ | နိုင်ငံရေးဘောဂဗေဒ | ၁၅ ခု |
| ၃ | သံတမန်ရေး | ၉ ခု |
| ၄ | ကာကွယ်ရေးနှင့် လုံခြုံရေး | ၂ ခု |
| ၅ | ပဋိပက္ခနှင့် ငြိမ်းချမ်းရေး | ၂ ခု |
| ၆ | ဆွဲဆောင်မှုကိုအသုံးပြုသော အာဏာသြဇာ (Soft Power) | ၄ ခု |
| ၇ | စီမံအုပ်ချုပ်မှု၊ မူဝါဒနှင့် စံနှုန်းဆိုင်ရာပေါင်းစည်းရေး | ၃ ခု |
| ၈ | လူမှုရေးနှင့် လူ့အခွင့်အရေး | ၂ ခု |
| ၉ | နိုင်ငံဖြတ်ကျော်မှုခင်းများ | ၉ ခု |
| | စုစုပေါင်း | ၅၇ ခု |

စစ်အာဏာသိမ်းပြီးနောက်ပိုင်း တရုတ်၏ တုံ့ပြန်မှု ရက်စွဲမှတ်တမ်း

၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းမှုနောက်ပိုင်း မြန်မာ-တရုတ်ဆက်ဆံရေးကို လေ့လာရာ၌ အထောက်အကူဖြစ်စေရန် ISP-Myanmar က စုဆောင်းထားသော ရက်စွဲမှတ်တမ်း ➤

SCAN THIS CODE

## ၁။ ဘေဂျင်းအစိုးရကိုင်တွယ်နေသော လူဖမ်းပွဲ

**တရုတ်-မြန်မာနယ်စပ်ရှိ တရားမဝင်လုပ်ငန်းတွေနဲ့ ပတ်သက်သူတွေလို့ အညွှန်းခံရတဲ့ မြန်မာနိုင်ငံသားတွေကို ဘေဂျင်းအစိုးရက တိုက်ရိုက်ကိုင်တွယ်ပြီး ဖမ်းဆီးနေပါတယ်။** တရုတ်နိုင်ငံ လင်ချန်းခရိုင် ကျိန်းခမ်းမြို့နယ်မှာလုပ်တဲ့ 'တရုတ်-မြန်မာ ကျေးလက်တေးဂီတပြိုင်ပွဲနှင့် ချစ်ကြည်ရေးအားကစားပွဲ'နဲ့ ကုန်စည်ပြပွဲတက်ဖို့ ရောက်နေတဲ့ ကိုးကန့်လုပ်ငန်းရှင် ၁၁ ဦးကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှာ တရုတ်နိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးလိုက်ပါတယ်။ ဒီထဲမှာ လောက်ကိုင်မြို့အခြေစိုက် Fully Light ကုမ္ပဏီဒါရိုက်တာ နာမည်ကြီးဘီလီယံနာ ဦးမောင်မောင် (Liu Zhengxiang) လည်း ပါဝင်ပါတယ်။ သူက ကာစီနို၊ ဟိုတယ်နဲ့ ကျောက်မျက်ရတနာလုပ်ငန်းများစွာကို ကိုးကန့်နယ်ခြားစောင့်တပ်နဲ့ ဖက်စပ်လုပ်ကိုင်နေသူလည်း ဖြစ်ပါတယ်။ ဒီကုမ္ပဏီက အရင်အစိုးရ အဆက်ဆက်အပြင် စစ်ကောင်စီနဲ့လည်း နီးကပ်တဲ့ဆက်ဆံရေးရှိပါတယ်။ အာဏာသိမ်းမှုအလွန် တရုတ်-မြန်မာ ကုန်စည်ပြပွဲတိုင်းလိုလိုမှာ ပါဝင်ခွင့်ရခဲ့ရုံသာမက တရုတ်ကုမ္ပဏီတွေနဲ့လည်း နားလည်မှုစာချွန်လွှာ (MoU) တွေ ရေးထိုးခဲ့ပါသေးတယ်။ ကူမင်းအခြေစိုက် စစ်ကောင်စီ ကောင်စစ်ဝန်ရုံးကို တရုတ်ရဲတပ်ဖွဲ့ရဲ့ အကြောင်းကြားစာအရ "တရုတ်နိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေစည်းမျဉ်းများကို ချိုးဖောက်သည် (ဟု) ယူဆသည့်အတွက်" ကိုးကန့်လုပ်ငန်းရှင်တွေကို ဥပဒေနဲ့အညီ ချုပ်နှောင်ထားတယ်လို့ ဆိုပါတယ်။ ဘေဂျင်းစစ်ကြောရေးစခန်းဆီ ပို့လိုက်ပြီလို့လည်း နယ်စပ်ပို့ကုန်လုပ်ငန်းရှင်တဦးကို ကိုးကားပြီး မြန်မာသတင်းဌာနတချို့က ဖော်ပြပါတယ်။

တချိန်တည်းမှာ 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဥက္ကဋ္ဌနဲ့ နီးစပ်သူနှစ်ဦးကိုလည်း အွန်လိုင်းလိမ်လည်မှုစွပ်စွဲချက်နဲ့ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၂ ရက်မှာ ဖမ်းဝရမ်းထုတ်လိုက်ပါတယ်။ 'ဝ'ပြည်နယ်အစိုးရရဲ့ ဆောက်လုပ်ရေးဌာနမှူး(ဟောင်း) ချန်ယန်ပန် (ခေါ်) ပေါက်ယန်ပန်နဲ့ မိုင်းလင်း(ဝိန်းကောင်) ခရိုင်မှူး(ဟောင်း) ရှောက်ယန်ကွေ့ (ခေါ်) ဟော်ချွင်ထင်တို့ကို ယွမ်ငါးသိန်းအထိ ဆုကြေးငွေထုတ်ခဲ့တာဖြစ်ပြီး ဝရမ်းထွက်ပြီး မကြာခင်မှာပဲ သူတို့နှစ်ဦးကို ရာထူးက ထုတ်ပယ်လိုက်ကြောင်း UWSP က ကြေညာခဲ့ပါတယ်။ ဒါ့အပြင် သူတို့နှစ်ဦးကို 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင်တရားရုံးက ဖမ်းဝရမ်းထုတ်ထားတဲ့ အကြောင်းကိုလည်း အောက်တိုဘာ ၁၉ ရက်ထုတ် စစ်ကောင်စီသတင်းစာတွေမှာ ဖော်ပြခဲ့ပါတယ်။

ဆိုက်ဘာကျွန်ပြုမှုတွေအပါအဝင် အွန်လိုင်းလိမ်လည်မှု ရာဇဝတ်ဂိုဏ်းတွေနဲ့ ဆက်စပ်ပြီး စစ်ကောင်စီရဲ့ တရားခံဖမ်းဆီးရေးအပေါ် ဘေဂျင်းအစိုးရက အားမလိုအားမရဖြစ်နေတဲ့


## ဖူလီလိုက်ကုမ္ပဏီအုပ်စု (Fully Light Group)

ဖူလီလိုက်ကုမ္ပဏီအုပ်စု (Fully Light Group) ကို ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ရုံးချုပ်ကို လောက်ကိုင်မြို့ အမှတ်(၁)ရပ်ကွက် တုံချိန်၌ ဖွင့်လှစ်ထားသည်။ လက်ရှိတွင် ဝန်ထမ်းအင်အားပေါင်း ၁၀,၀၀၀ ကျော်ဖြင့် ခရီးသွားလာရေး၊ ဟိုတယ်၊ အိမ်ခြံမြေ၊ ကုန်ထုတ်လုပ်ရေး၊ ရုပ်သံနှင့်ဖျော်ဖြေရေး စသည့် လုပ်ငန်းပေါင်း ၃၆ ခုထက်မနည်း လုပ်ကိုင်နေသည်။ ၎င်းတို့အနက် လောက်ကိုင်ရှိ ကိုးကန့်ကမ္ဘာသစ်စီမံကိန်း (ဒေါ်လာ ၂၀၅ သန်းကျော်) နှင့် မန္တလေးရှိ ရေတံခွန်တောင်မြို့ပြစီမံကိန်း (ပထမအဆင့် ဒေါ်လာ သန်း ၇၂၀ ကျော်) တို့က လူသိများသည်။ ထို့အပြင် မြဝတီမြို့ရှိ Eastern Complex နှင့် ကမ္ဘောဒီးယားနိုင်ငံ သီဟာနုရှိ Gobo East ကာစီနိုလုပ်ငန်းတို့သည်လည်း ရင်းနှီးမြှုပ်နှံမှုတန်ဖိုး ဒေါ်လာသန်းချီ ရှိနိုင်သည်။ မြန်မာနိုင်ငံတွင် မြို့ပေါင်း ၁၄ မြို့တွင် လုပ်ငန်းခွဲများစွာရှိပြီး ကမ္ဘောဒီးယားနှင့် တရုတ်နိုင်ငံတို့တွင်လည်း ရုံးခွဲများ ဖွင့်လှစ်ထားသည်။ ကုမ္ပဏီဥက္ကဋ္ဌ ဦးလီကျိန်းချန်(ခ)ဦးလျှိုအားပေါက်အား စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ကိုလည်းကောင်း၊ ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟောင်း မစ္စတာဟွန်ဆန် (Mr. Hun Sen) က အစိမ်းရောင်ခရီးသွားလာရေး ဂုဏ်ထူးဆောင်ဆုကိုလည်းကောင်း ချီးမြှင့်ခဲ့သည်။

- အတွက် သူအလိုရှိနေတဲ့ နိုင်ငံခြားသားတွေကိုလည်း ကိုယ်တိုင်ဖမ်းဆီးရေး လုပ်လာနေတာပါ။ တရုတ်နိုင်ငံဘက်က စီမံဖမ်းဆီးမှုတွေကို မြန်မာစစ်ကောင်စီဘက်က တရားဝင်ကန့်ကွက်တာ မရှိသေးသလို၊ **တရုတ်ရဲ့စီမံပုံကလည်း အဝေးအင်ပါယာကြီးက နယ်ခြားဒေသစီမံခန့်ခွဲပုံ (Frontier Management) နဲ့ ပိုတူနေပါတယ်။** တဖက်မှာလည်း တရုတ်-ထိုင်း-မြန်မာ သုံးနိုင်ငံစစ်ဆင်ရေးနဲ့ ၂၀၂၃ ခုနှစ်အတွင်း အွန်လိုင်းလိမ်လည်မှု ၁၁၉ မှုနဲ့ အွန်လိုင်းလောင်းကစားမှု ၅၈ မှုကို အရေးယူနိုင်ခဲ့တယ်လို့ ၅၉ နှစ်မြောက် ရဲတပ်ဖွဲ့နေ့ အခမ်းအနားမှာ စစ်ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြောပေမဲ့ မိုင်းလား၊ တာချီလိတ်နဲ့ မြဝတီဒေသတွေမှာ အခုထိ အရေးမယူနိုင်သေးပါဘူး။ အခုလို တရုတ်-မြန်မာနယ်စပ်ခြေကုပ်စခန်း ဖြိုခွင်းမှုကြောင့် တရားမဝင်လုပ်ငန်းတွေက ထိုင်း-မြန်မာနယ်စပ်ဘက် အလုံးအရင်းနဲ့ ဦးတည်ရွှေ့ပြောင်းလာမှာကို စိုးရိမ်မှုတွေလည်း ရှိနေပါတယ်။

## ဖူလီလိုက်ကုမ္ပဏီအုပ်စု၏ စီးပွားရေးအင်ပါယာ

တရုတ်အစိုးရက ဖမ်းဆီးခဲ့သည့် ကိုးကန့်လုပ်ငန်းရှင် ၁၁ ဦးအနက် တဦးဖြစ်သူ ဦးမောင်မောင် (Liu Zhengxiang) ပိုင်ဆိုင်သည့် ဖူလီလိုက်ကုမ္ပဏီအုပ်စု၏ စီးပွားရေးအင်ပါယာကို ဖော်ပြထားခြင်းဖြစ်သည်။ ၁၉၉၂ ခုနှစ်နောက်ပိုင်း မြန်မာအစိုးရ အဆက်ဆက်နှင့် နီးကပ်သော ဆက်ဆံရေးရှိသည့် ဖူလီလိုက်အုပ်စု (Fully Light Group) ကုမ္ပဏီသည် ကိုးကန့်ဒေသ လောက်ကိုင်မြို့၌ အခြေစိုက်ပြီး မြန်မာနိုင်ငံအနှံ့ လုပ်ငန်းခွဲများစွာ ဖြန့်ကြက်ထားသည်။ ထို့အပြင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်ချန်းခရိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံ သီဟာနုမြို့သစ်အထိ စီးပွားရေးအင်ပါယာ ချဲ့ထွင်ထားသည်။




မှတ်ချက် - ကုမ္ပဏီမှ ထုတ်ပြန်ချက်များကို အခြေခံထားပါသဖြင့် မြေပြင်တွင် ယခုစာရင်းထက် ပိုမိုများပြားနိုင်ပါသည်။

# ISP TIMELINE

ISP ကပြင်ရပ်ဝန်း

အောက်တိုဘာ ၂၀ ရက်၊ ၂၀၂၃ ခုနှစ်

## ■ တရားမဝင်လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးလွှဲပြောင်းမှုများ

### ၂၀၂၃ ခုနှစ်

**ဩဂုတ် ၂၆**
တရုတ်နိုင်ငံသား ၂၄ ဦးကို
ယူနန်ပြည်နယ် ပြည်သူ့လုံခြုံရေးဌာနထံ လွှဲပြောင်းပေးအပ်။

**စက်တင်ဘာ ၃**
တရုတ်နိုင်ငံသား ၂၆၉ ဦးကို
စစ်ဆောင်ပန်းနားခရိုင်
ပြည်သူ့လုံခြုံရေးဌာနထံ လွှဲပြောင်းပေးအပ်။

**စက်တင်ဘာ ၃**
တရုတ်နိုင်ငံသား ၁၈၆ ဦးကို တရုတ်-မြန်မာ
ယူနန်ပြည်နယ် ပြည်သူ့လုံခြုံရေးဌာနထံ လွှဲပြောင်းပေးအပ်။

**စက်တင်ဘာ ၆**
တရုတ်နိုင်ငံသား ၁,၂၀၇ ဦးကို
'ဝ'ပြည်နယ်ရဲတပ်ဖွဲ့က ဖမ်းဆီးပြီး
တရုတ်ရဲတပ်ဖွဲ့ထံ လွှဲပြောင်းပေးအပ်။

**စက်တင်ဘာ ၂၅**
တရုတ်နိုင်ငံသား ၁၀၉ ဦးကို
လင်ချန်းခရိုင်ပြည်သူ့လုံခြုံရေးဌာနထံ လွှဲပြောင်းပေးအပ်။

**အောက်တိုဘာ ၁**
တရုတ်နိုင်ငံသား ၂၀၉ ဦးကို
ပူအာခရိုင်ပြည်သူ့လုံခြုံရေးဌာနထံ လွှဲပြောင်းပေးအပ်။

**အောက်တိုဘာ ၇**
တရုတ်နိုင်ငံသား ၃၃၇ ဦးကို
ကိုးကန့်ဒေသအာဏာပိုင်က ဖမ်းဆီးပြီး
လင်ချန်းခရိုင်ပြည်သူ့လုံခြုံရေးဌာနထံ လွှဲပြောင်းပေးအပ်။

**အောက်တိုဘာ ၁၆**
တရုတ်နိုင်ငံသား ၂,၃၄၉ ဦးကို ယူနန်ပြည်နယ်
ပြည်သူ့လုံခြုံရေးဌာနထံ လွှဲပြောင်းပေးအပ်။

မှတ်ချက် ။ ။ ISP-Myanmar က ပြုစုထားသော အချက်အလက်များအရ ၂၀၂၃ ခုနှစ် ဩဂုတ် ၂၆ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ မြန်မာနိုင်ငံအတွင်း တရားမဝင်လုပ်ငန်းများတွင် ပါဝင်ပတ်သက်ခဲ့ခြင်းကြောင့် ဖမ်းဆီးခံရပြီး တရုတ်နိုင်ငံဘက်သို့ လွှဲပြောင်းပေးခဲ့သူ ၄,၆၉၀ ဦးထက်မနည်း ရှိခဲ့သည်။

## ၂။ စစ်ခေါင်းဆောင်ဥက္ကဋ္ဌကို မဖိတ်ခဲ့သည့် BRI ၁၀ နှစ်ပြည့်

သမ္မတရှီကျင့်ဖျင်ရဲ့ **ရပ်ဝန်းလမ်းကြောင်းအစီအမံ (BRI) ၁၀ နှစ်ပြည့်အခမ်းအနား**ကို မြို့တော်ဘေဂျင်းမှာ အောက်တိုဘာ ၁၇-၁၈ မှာ နှစ်ရက်တာ ဝှဲချီးကျင်းပခဲ့ပါတယ်။ ရုရှားသမ္မတ မစ္စတာပူတင် အပါအဝင် နိုင်ငံပေါင်း ၁၃၀ က ထိပ်သီးခေါင်းဆောင်တွေ တက်ရောက်ကြပေမဲ့ စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကတော့ ဖိတ်ကြားမခံရပါဘူး။ ဒါပေမဲ့ စစ်ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်ခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီး မြထွန်းဦးဟာ စက်တင်ဘာ ၂၄ ရက်ကလည်း တရုတ်နိုင်ငံကို ပထမဆုံး သွားခဲ့ပြီး အောက်တိုဘာ ၁၇ ရက်မှာတော့ ဒုတိယအကြိမ် သွားခဲ့တာဖြစ်ပါတယ်။

ဖိုရမ်မှာ အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၂ ဘီလီယံ တန်ဖိုးရှိ စာချုပ်တွေရေးထိုးခဲ့ပြီး လာမယ့် ဆယ်စုနှစ်မှာ အကြွေးဝန်မပိစေဘဲ ဒေသလိုအပ်ချက်နဲ့အညီ 'ငယ်ရွယ်လှပ (Small and Beautiful)' တဲ့ စီမံကိန်းတွေကိုပဲ အကောင်အထည်ဖော်သွားမယ်လို့ ဆိုပါတယ်။ BRI အစီအမံကို ၂၀၁၃ ခုနှစ်မှာ သမ္မတရှီကျင့်ဖျင်က စတင်ဖော်ဆောင်လာခဲ့ပြီး ၂၀၂၃ ခုနှစ် ဇွန်လအထိ နိုင်ငံပေါင်း ၁၅၀ နဲ့ နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၃၀ တို့က အမေရိကန်ဒေါ်လာ နှစ်ထရီလီယံလောက် စာချုပ်ချုပ်ဆိုပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ၂၀၁၈ ခုနှစ်ကစပြီး BRI ရဲ့ အစိတ်အပိုင်းဖြစ်တဲ့ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (CMEC) ကို စတင်ဆောင်ရွက်ခဲ့ပေမဲ့ **ISP-Myanmar က ပြုစုထားတဲ့စာရင်းအရ အခုချိန်အထိ စီမံကိန်းတခုမှ ပြီးစီးအောင်မြင်တာ မရှိသေးပါဘူး။ (BRI ၁၀ နှစ်ပြည့်နဲ့ ဆက်စပ်တဲ့ ဖော်ပြချက်တရပ်ကို ISP-Myanmar က မကြာမီ ထုတ်ဝေဖို့ ရှိပါတယ်။)**

ကြန့်ကြာနေတဲ့ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (CMEC) အမြန်ဆုံးပြန်လည်စတင်ဖို့ တရုတ်အစိုးရနဲ့ စစ်ကောင်စီအကြား ထိပ်ပိုင်းခေါင်းဆောင်ချင်း ဆွေးနွေးမှုတွေတော့ ဒီလအတွင်း ပိုများလာပါတယ်။ နှစ်နိုင်ငံအကြား ပို့ဆောင်ရေးကဏ္ဍတိုးမြှင့်ဖို့ တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာဟော်လိဖုန်း (Mr. He Lifeng)၊ သယ်ယူပို့ဆောင်ရေးဝန်ကြီး မစ္စတာလီရှောင်ဖန် (Mr. Li Xiaopeng) တို့နဲ့ စစ်ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးက စက်တင်ဘာ ၂၄ ရက်မှာသွားခဲ့တဲ့ သူ့ရဲ့ ပထမအကြိမ် ဘေဂျင်းခရီးစဉ်အတွင်း ဆွေးနွေးခဲ့ပါတယ်။ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌသစ်အဖြစ် ခန့်အပ်ခံရသူလည်းဖြစ်တဲ့ ဗိုလ်ချုပ်ကြီးမြထွန်းဦးဟာ ကျောက်ဖြူ-မန္တလေး၊ မန္တလေး-မူဆယ် ရထားလမ်းသစ်စီမံကိန်းဖြစ်တန်ခြေလေ့လာမှုအကြောင်း China Railway ရုံးချုပ်မှာ ဆွေးနွေးခဲ့သလို ရန်ကုန်မြို့သစ် စီမံကိန်းလုပ်ခွင့်ရ China Communication Construction (CCCC) နဲ့ လမ်းတံတား

စီမံကိန်းလုပ်ခွင့်ရ China Harbour Engineering ကုမ္ပဏီဥက္ကဋ္ဌတွေနဲ့လည်း ဘေဂျင်းမှာ တွေ့ဆုံခဲ့ပါသေးတယ်။ ဒါ့အပြင် CMEC စီမံကိန်း တွေကို အရည်အသွေးမြင့် ဖွံ့ဖြိုးရေး (High Quality Development) ပုံစံနဲ့ ဖော်ဆောင်သွားမယ်လို့ စစ်ကောင်စီ ဆောက်လုပ်ရေးဝန်ကြီး ဦးမျိုးသန့်က တရုတ်နိုင်ငံ အိမ်ရာနှင့် မြို့ပြ-ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး မစ္စတာနီဟုန် (Mr. Ni Hong) ကို စက်တင်ဘာ ၁၆ ရက်မှာ တင်ပြခဲ့ပါတယ်။ တခါ ဝ,တလုံး ဥမင်လိုဏ်ခေါင်းစီမံ ကိန်း ဖြစ်တန်ခြေလေ့လာဆန်းစစ်ဖို့ စစ်ကောင်စီ ဆောက်လုပ်ရေး ဝန်ကြီးဌာနနဲ့ တရုတ်နိုင်ငံပိုင် China Harbour Engineering ကုမ္ပဏီတို့အကြား စက်တင်ဘာ ၈ ရက်က နေပြည်တော်မှာ နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒီ စီမံကိန်းဟာ CMEC ရဲ့ အစောဆုံး အကောင်အထည်ဖော်မယ့် စီမံကိန်းစာရင်းဝင် ဖြစ်ပြီး ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ တုန်းက မြန်မာနိုင်ငံကိုလာခဲ့တဲ့ သမ္မတရှီကျင့်ဖျင်ရဲ့ ခရီးစဉ် အတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အစိုးရနဲ့ လက်မှတ်ထိုးခဲ့တဲ့ စာချုပ်စာလွှာ ၃၃ ခုထဲက တခုအပါအဝင် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်းကို ချိတ်ဆက် ပေးတဲ့ တောင်ကြီး-လွိုင်လင်ကားလမ်းပေါ်မှာ တည်ရှိပြီး ကုန်သွယ်ရေးအတွက် အရေးပါ တဲ့ ဒီစီမံကိန်းဟာ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ အာဏာသိမ်းမှုကြောင့် သုံးနှစ်ကြာပြီးမှ စီမံကိန်း ဖြစ်တန်ခြေကို လေ့လာဆန်း စစ်ဖို့ စီစဉ်ဆောင်ရွက်ရတာပါ။

## ၃။ ခေတ်ပေါ်ဇီဝအချက်အလက်နှင့် အနုမြူနည်းပညာအတွက် တရုတ်ကို စစ်ကောင်စီ အကူအညီတောင်း

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူပြီး ရွေးကောက်ပွဲကျင်းပဖို့ စီစဉ်နေတဲ့ **စစ်ကောင်စီ ဟာ အီလက်ထရောနစ် သက်သေခံကတ် (e-ID) စနစ် ဖော်ဆောင်ရေးမှာ ဝင်ကူပေးဖို့ ဘေဂျင်းအစိုးရကို တောင်းဆိုနေပါတယ်။** တရုတ် ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက အမျိုးသား လူဝင်မှုကြီးကြပ်ရေးဌာန ဒုတိယဝန်ကြီး မစ္စတာရှုကန်လု (Mr. Xu Ganlu) နဲ့ စစ်ကောင်စီ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးမြင့်ကြိုင်တို့ စက်တင်ဘာ ၁၈ ရက်က ဘေဂျင်းမြို့တော်မှာ ဆွေးနွေးတဲ့အခါ တိုက်တွန်းတောင်းဆိုခဲ့တာပါ။

အခုနှစ် အောက်တိုဘာလအတွင်း စမ်းသပ်သန်းခေါင်စာရင်းနဲ့ ၂၀၂၄ ခုနှစ်အတွင်း ပြည် လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူဖို့ စစ်ကောင်စီက စီစဉ်ဆောင်ရွက်နေပြီး e-ID စနစ် ဖော်ဆောင်ရေးမှာ တရုတ်နိုင်ငံအနေနဲ့ ပူးပေါင်းဆောင်ရွက်ပေးဖို့ တရုတ်အစိုးရအတွက် အီ လက်ထရောနစ်သက်သေခံကတ် (e-ID) စနစ်ဖော်ဆောင်ပေးနေတဲ့ ဘေဂျင်းအခြေစိုက် **ဟန်ဇင်း နည်းပညာ (Hisign Technology) ကုမ္ပဏီ**နဲ့လည်း စက်တင်ဘာ ၁၈ ရက်မှာပဲ

## ■ ဟန်ဇင်းနည်းပညာ (Hisign Technology/Haixin Kejin) ကုမ္ပဏီ

ဟန်ဇင်းနည်းပညာ (Hisign Technology/Haixin Kejin) ကုမ္ပဏီကို ၁၉၉၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး တရုတ်နိုင်ငံ ဘေဂျင်းမြို့၌ ရုံးချုပ်တည်ရှိသည်။ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနအား ထောက်လှမ်းရေးသုံး အဆင့်မြင့်နည်းပညာများကို ပံ့ပိုးပေးပြီး ပြည်နယ်ရဲတပ်ဖွဲ့များအတွက် မှုခင်းစောင့်ကြည့်ရေးစနစ်ကြီး (Mass Surveillance System)ကို တည်ဆောက်ပေးသည်။ တရုတ်နိုင်ငံတဝန်းလုံးရှိ မျိုးရိုးဗီဇအချက်အလက် (DNA) ကောက်ယူစုဆောင်းပြီး အီလက်ထရောနစ်သက်သေခံကတ် (e-ID) နှင့် အီလက်ထရောနစ်နိုင်ငံကူးလက်မှတ် (e-Passport) ဝန်ဆောင်မှုပေးသည့်အပြင် လက်ဗွေနှင့် မျက်နှာပုံရိပ်ဖမ်း ခြေရာခံစက်နှင့် မူးယစ်ဆေးဝါးရှာဖွေရေး စက်ကိရိယာများကိုလည်း ထုတ်လုပ်ရောင်းချသည်။

ဦးမြင့်ကြိုင်က တွေ့ဆုံခဲ့ပြီး ကိုယ်ရေးအချက်အလက် (Biographic) နဲ့ ဇီဝအချက်အလက် (Biometric) နည်းပညာကို လေ့လာခဲ့ပါတယ်။ ဒါ့အပြင် ဘေဂျင်းမြို့ တာ့ရှင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်း သွားရောက်ခဲ့ပြီး နည်းပညာအသုံးပြု နိုင်ငံကူးလက်မှတ် စစ်ဆေးမှု၊ ခရီးသည်တဦးချင်းရဲ့ ကိုယ်ရေးအချက်အလက်ကောက်ယူမှု၊ အီလက်ထရောနစ်နိုင်ငံကူးလက်မှတ် (e-Passport) ကိုင်ဆောင်သူတွေကို နည်းပညာသုံးစစ်ဆေးမှု လုပ်တာတွေကိုလည်း လေ့လာခဲ့ပါတယ်။ သန်းခေါင်စာရင်း အကြောင်းပြပြီး ရလာနိုင်ခြေရှိတဲ့ တရုတ်အဆင့်မြင့် ခေတ်ပေါ်ဇီဝနည်းပညာကို နယ်ပယ်စုံမှာ စစ်ကောင်စီက အသုံးပြုလာနိုင်ခြေရှိတဲ့အပေါ် သတိချပ်သင့်ပါတယ်။

ခေတ်ပေါ် ဇီဝနည်းပညာအပြင် တရုတ်နျူကလီးယားနည်းပညာကို ရယူပြီး လူမှုစီးပွားကဏ္ဍတွေမှာ အသုံးချဖို့ စစ်ကောင်စီက အလိုရှိနေပါတယ်။ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေး၊ ကျန်းမာရေးနဲ့ စွမ်းအင်ကဏ္ဍတွေမှာလည်း နျူကလီးယားနည်းပညာ အသုံးပြုနိုင်ရေး ကျွမ်းကျင်ပညာရှင်တွေကို လေ့ကျင့်ပေးဖို့ တရုတ်နိုင်ငံအစိုးရကို တရုတ်နိုင်ငံဆိုင်ရာ စစ်ကောင်စီသံအမတ် ဦးတင်မောင်ဆွေက စက်တင်ဘာ ၁၆ ရက်မှာ လုပ်ခဲ့တဲ့ 'ဒုတိယကြိမ်မြောက် အာဆီယံ-တရုတ် နျူကလီးယားနည်းပညာအား ငြိမ်းချမ်းစွာအသုံးပြုခြင်းဖိုရမ်' မှာ တောင်းဆိုလိုက်ပါတယ်။ စိုက်ပျိုးရေးထုတ်ကုန်ကဏ္ဍနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ နျူကလီးယားနည်းပညာ အသုံးချမှုကို သုတေသနလုပ်ဖို့နဲ့ မွမ်းမံသင်တန်းပေးဖို့ တရုတ် အမျိုးသားနျူကလီးယားကော်ပိုရေးရှင်း ဒုတိယဥက္ကဌ တရုတ်အနုမြူစွမ်းအင်အေဂျင်စီ ဒုတိယညွှန်ကြားရေးမှူးချုပ်ကို စစ်ကောင်စီ သိပ္ပံနှင့်နည်းပညာဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက စက်တင်ဘာ ၁၆ ရက်မှာ ထပ်မံအဆိုပြုခဲ့ပါသေးတယ်။ တဖက်မှာလည်း မြန်မာ့ပြည်တွင်း လက်နက်ကိုင်ပဋိပက္ခတွေမှာ လက်နက်သဖွယ် အသုံးများလာတဲ့

- မောင်းသူမဲ့လေယာဉ်ငယ် (Drones) တွေ အသုံးပြုမှုကို နယ်စပ်ကနေတဆင့် တားဆီး ထိန်းချုပ်ပေးကြဖို့လည်း စက်တင်ဘာ ၁၉ ကနေ ၂၁ ရက်အတွင်း သုံးရက်တာလုပ်ခဲ့တဲ့ ဒုတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုညီလာခံ (၂၀၂၃)မှာ စစ်ကောင်စီ ပြည်ထဲရေးဒုတိယဝန်ကြီးလည်းဖြစ်၊ ရဲချုပ်လည်းဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က တိုက်တွန်းခဲ့ပါတယ်။

## ၄။ ရှစ်နှစ်မြောက် NCA နှင့် တရုတ်ကြားဝင် မြန်မာ့ငြိမ်းချမ်းရေးခရီး

၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက်က နေပြည်တော်မှာလုပ်ခဲ့တဲ့ **တနိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ရှစ်နှစ်မြောက်အခမ်းအနား**ကို တရုတ်နိုင်ငံကိုယ်စား အထူးကိုယ်စားလှယ် မစ္စတာတိန့်ရှီကျွန်း (Mr. Deng Xijun) တက်ခဲ့ပါတယ်။ NCA လက်မှတ်ထိုးစဉ်ကာလ ပြည်ပအသိသက်သေအနေနဲ့ပါဝင်ခဲ့တဲ့ အိန္ဒိယ၊ ထိုင်း စတဲ့နိုင်ငံခြား ကိုယ်စားလှယ်တွေနဲ့အတူ တက်ရောက်ပြီး မိန့်ခွန်းပြောကြားမှုလည်း လုပ်ခဲ့ပါတယ်။

တရုတ်နိုင်ငံအနေနဲ့ NCA ကို မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ အရေးပါတဲ့ မှတ်တိုင်တခု အဖြစ်ရှုမြင်ပြီး ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်မှု၊ ပြုလွယ်ပြင်လွယ်ရှိမှုနဲ့ လက်တွေ့ကျမှု တွေကိုအခြေခံကာ ပတ်သက်သူအားလုံး တွေ့ဆုံဆွေးနွေးကြမယ်လို့ ယုံကြည်ကြောင်း မစ္စတာတိန့်ရှီကျွန်းကဆိုပါတယ်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုကြောင့် ဂျပန်နဲ့ အနောက်နိုင်ငံ တွေက NCA စာချုပ်နဲ့ ဆက်စပ်တာတွေကို လက်ရှောင်နေကြချိန်မှာ တရုတ်နိုင်ငံက NCA စာချုပ်ကို ထောက်ခံနေတယ်လို့ ယူဆစရာရှိပါတယ်။ ဒါ့အပြင် စီးပွားရေးတိုးတက်ရင် လက်နက်ကိုင်ပဋိပက္ခလည်း အလိုလိုပြီးဆုံးသွားမယ်လို့ ယူဆခဲ့တဲ့ တရုတ်အစိုးရအနေနဲ့ "**မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ ငြိမ်းချမ်းရေး ဦးစွာတည်ဆောက်ရမယ်**"လို့ ပြောသွားတာ ထူးခြားပါတယ်။

မစ္စတာတိန့်ရှီကျွန်းက NCA ရှစ်နှစ်ပြည့်ပွဲကို တက်ရောက်စကားပြောခဲ့ပေမဲ့ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) အပါအဝင် တရုတ်နိုင်ငံနဲ့ နီးစပ်တယ်လို့ ညွှန်းဆိုခံရလေ့ရှိတဲ့ 'ဝ'ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) နဲ့ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (NDAA) အဖွဲ့တွေအပြင်၊ ညီနောင်မဟာမိတ်သုံးဖွဲ့လို့ဆိုကြတဲ့ တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA)၊ ရက္ခိုင့်တပ်တော် (AA) နဲ့ မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) တို့လည်း မတက်ခဲ့သလို တရုတ်နိုင်ငံဘက်က တိုက်တွန်းပြောဆိုခဲ့တာလည်း မရှိခဲ့ပါဘူး။ တဖက်မှာလည်း မြောက်ပိုင်းအခြေစိုက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဟာ NCA ကို လက်မခံဘဲ အခြား

- လမ်းကြောင်းသစ်ရှာဖို့ ပြည်ထောင်စုနိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှုကော်မတီ (FPNCC) ကို ၂၀၁၇ ခုနှစ်မှာ ဖွဲ့စည်းထားပါတယ်။

နယ်စပ်ဒေသတည်ငြိမ်ရေးနဲ့ မြန်မာ့ငြိမ်းချမ်းရေးနဲ့ဆက်စပ်ပြီး မစ္စတာတိန့်ရှီကျွန်းက စစ်ကောင်စီနဲ့ ပုံမှန်ဆွေးနွေးနေပေမဲ့ တရုတ်အစိုးရရဲ့ ငြိမ်းချမ်းရေးရန်ပုံငွေပေးမှုက ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုအပြီးမှာ ရပ်ဆိုင်းထားပါတယ်။ ဒါကြောင့်ပဲ တရုတ်-မြန်မာနယ်စပ်ဒေသမှာ အခြေပြုလှုပ်ရှားနေတဲ့ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့တွေရဲ့ "နိုင်ငံပြိုကွဲစေမည့် လုပ်ဆောင်မှု"တွေကို အားပေးအားမြှောက်မလုပ်ဖို့နဲ့ NCA လက်မှတ်မထိုးသေးတဲ့အဖွဲ့တွေကို ဖိအားပေးဖို့ NCA ရှစ်နှစ်ပြည့်ပွဲအပြီးမှာ စစ်ကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တရုတ်အစိုးရကို တောင်းဆိုခဲ့ပါတယ်။

## ၅။ တိုးမပေါက်ဖြစ်နေသည့် မူဆယ်ဂိတ်

တပတ်ကြာ နေထိုင်ခွင့်ရတဲ့ကတ်ကို သုံးပြီး တရုတ်-မြန်မာနယ်စပ် ရွှေလီမြို့ကတဆင့် တရုတ်နိုင်ငံဘက် အလုပ်ထွက်ရှာသူ မြန်မာနိုင်ငံသားတွေ များလာပါတယ်။ အစိမ်းရောင်ကတ်လို့ လူသိများတဲ့ **ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်** (TBP) ကို မူဆယ်မြို့ မန့်ဝိန်းဂိတ်ရှေ့က နန်းတော်ဂိတ်နဲ့ ဆင်ဖြူဂိတ်တွေမှာ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၄ ရက်ကစပြီး ထုတ်ပေးနေတာပါ။ ခရီးသွားကတ်ကို စစ်ကိုင်း၊ မကွေး စတဲ့ဒေသက ပြည်သူတွေက အများစု လျှောက်ခဲ့ကြပြီး ကတ်ရဖို့နဲ့ ဂိတ်ဖြတ်ဖို့အတွက် ထောင်နဲ့ချီရှိတဲ့ လူတန်းရှည်ကြီးဟာ မူဆယ်ကနေ တရုတ်နယ်စပ်ဂိတ်အထိ နှစ်ညသုံးညအထိ စောင့်ဆိုင်းကြရပါတယ်။

အာဏာပိုင်တွေက ဒီကတ်ကို ၅၀၀ ကျပ်နဲ့ ထုတ်ပေးတယ်လို့ ဆိုပေမဲ့ အမြန်လိုချင်သူတွေက ကျပ်သုံးသိန်းကနေ ငါးသိန်းအထိ ပေးကြရပါတယ်။ အနယ်နယ်အရပ်ရပ်က မြန်မာနိုင်ငံသားတွေဟာ ဒီကတ်ကိုအသုံးပြုပြီး တရုတ်နိုင်ငံဘက်ဝင်ကာ တရားမဝင် နေ့စားအလုပ်သမားအဖြစ် ဝင်လုပ်ကိုင်ကြတာပါ။ ဒါကြောင့် တရုတ်ရဲတွေရဲ့ ဖမ်းဆီးခြင်းကိုလည်း ခံကြရပါတယ်။ တချို့ကလည်း ခုနစ်ရက်တခါ ပြန်လာပြီး ကတ်အသစ်ပြန်လျှောက်ရတဲ့အတွက် အဆင်မပြေကြပါဘူး။

တရုတ်နိုင်ငံဘက်ကို ဖြတ်ကူးဖို့ တန်းစီစောင့်ဆိုင်းနေတဲ့လူတွေက နိုင်ငံသားသက်သေခံကတ်ပြားအပြင် ပုဒ်မအမျိုးမျိုးနဲ့ ကြေညာခံထားရတဲ့ တရားခံပြေးစာရင်းထဲ ပါနေလား၊ မပါဘူးလားဆိုတာကိုလည်း စစ်ဆေးခံရပါတယ်။ တဖက်မှာလည်း မူဆယ်မြို့နယ်အတွင်းမှာ

- တအန်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် (TNLA) ပူးပေါင်းတပ်နဲ့ စစ်ကောင်စီတပ်အကြား တိုက်ပွဲတွေကြောင့် မူဆယ်-နမ့်ခမ်းက ရာနဲ့ချီတဲ့ဒေသခံတွေဟာ တရုတ်နိုင်ငံဘက်ခြမ်းကို မကြာခဏ ထွက်ပြေးတိမ်းရှောင်နေကြရပါတယ်။ လတ်တလော မြန်မာ-တရုတ်နယ်စပ်တွေမှာ တပတ်ကြာ ယာယီ နယ်စပ်ဖြတ်သန်းခွင့်လက်မှတ် (အစိမ်းရောင် TBP ကတ်) အပြင် နယ်စပ်မြို့ခံတွေအတွက် သီးသန့်ထုတ်ပေးတဲ့ တနှစ်ခံနယ်စပ်ဖြတ်သန်းခွင့် (အနီရောင် BP စာအုပ်) တွေ လျှောက်ခွင့်ရှိပါတယ်။ စီးပွားရေးဗီဇာကိုတော့ အောက်တိုဘာ ၁ ရက်ကစပြီး ထုတ်ပေးနေပေမဲ့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက်သာ ဖြစ်ပြီး ရွှေ့ပြောင်းအလုပ်သမားတွေအတွက် မပါဝင်သေးပါဘူး။ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေအတွက် အကာအကွယ်ပေးနိုင်မယ့် နားလည်မှုစာချွန်လွှာ (MoU) လိုစနစ်မျိုး စီမံဆောင်ရွက်ပေးဖို့ အရေးတကြီး လိုအပ်နေပါတယ်။

မှတ်ချက် ။ အောက်ခြေမှတ်စုများနှင့် ကိုးကားစာရင်းအပါအဝင် ရက်စွဲမှတ်တမ်းအပြည့်အစုံကို ISP-Myanmar ဝက်ဘ်ဆိုက်တွင် ဖတ်ရှုနိုင်ပါသည်။

www.ISPMyanmar.com/community

# Gabyin Community

## ISP ကပြင်ရပ်ဝန်း

Promoting Shared Reality, Appreciating Diversity, and Imagining Possibilities

+66 80 747 9712

PO Box 149, Chiang Mai University PO, Chiang Mai 50202